

# ဆက်စပ်အကြောင်းအရာ

မြန်မာနိုင်ငံ၌ မြို့ပြဖြစ်ထွန်းမှုသည် အစောပိုင်း အနေအထားတွင်သာ ရှိနေသေးပြီး လူဦးရေ၏ သုံးပုံတစ်ပုံအောက် အနည်းငယ်လျော့နည်းသည့် အရေအတွက်သည်သာ မြို့ကြီးများတွင် နေထိုင်ကြသည်။ ဤအချက်သည် တိုင်းပြည်အတွက် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ မြို့ကြီးများသည် စက်မှုလုပ်ငန်းများ စီမံလည်ပတ်ခြင်းဖြင့် အလုပ်အကိုင်၊ ဝန်ဆောင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို ဖွံ့ဖြိုးစေခြင်းဖြင့် တိုးတက်ကြီးပွားမှုကို တွန်းအားပေးသည်။  မြို့ကြီးများသည် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံသားတို့၏ ဝင်ငွေကို တိုးမြင့်စေပြီး ဆင်းရဲမွဲတေမှု တိုက်ဖျက်ရာတွင် အဓိက အရေးပါသည်။ မြို့ပြဖြစ်ထွန်းမှုမရှိဘဲ အလယ်အလတ် ဝင်ငွေအဆင့်အတန်းသို့ ရောက်ရှိစေသည့် တိုင်းပြည် မရှိချေ။

ဆိုခဲ့သည့်အတိုင်း၊ မြို့ကြီးများ၏ မြို့ပြဖြစ်ထွန်းမှုပုံစံသည် ဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှု နှင့် နေချင်စဖွယ်ဖြစ်မှုတို့အတွက် အရေးကြီးသည်။ အကယ်၍ အခြခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ၊ မြို့ပြစီမံကိန်းရေးဆွဲမှု၊ အုပ်ချုပ်ရေးဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးပိုင်းတွင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ပါက မြို့ကြီးများတွင် နေထိုင်သူများအတွက် လူနေထူထပ် သိပ်သည်းခြင်း၊ ညစ်ညမ်းမှု၊ ကသိကအောက်ဖြစ်မှုနှင့် မညီမျှမှုတို့ကို ဖြစ်ပေါ်စေပြီး၊ လူတန်းစားကွာဟချက် အခြေအနေများကို ပိုမိုဆိုးရွားစေကာ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုတို့ကို ဖြစ်ပေါ်လာစေနိုင်ပါသည်။

*မြန်မာနိုင်ငံ၏ မြို့ပြဖြစ်ထွန်းမှု - အားလုံးအတွက် အခွင့်အလမ်းများ ဖန်တီးခြင်း* အစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း မြို့ပြဖြစ်ထွန်းမှုဆိုင်ရာ တိုးပွားလာသည့် ရေးသားဖော်ပြချက်များအပေါ်တွင် အခြေပြုလျက် နားလည် သဘောပေါက်ရန် ရည်ရွယ်ပါသည်။  အထူးသဖြင့် ရန်ကုန်မြို့နှင့် ပတ်သက်ပါသည်။

အစီရင်ခံစာသည် မြို့ပြဖြစ်ထွန်းမှုတွင် အားလုံးပါဝင်ရေး ရှုထောင့်မှ မြို့ပြဖြစ်ထွန်းမှုကို အကျိုးဖြစ်ထွန်းစေရန် အာမခံချက်ပေးသော လတ်တလော အလေးထားရမည့် ဦးစားပေးမူဝါဒရေိယာများကို အဆိုပြုထားသည်။ ထိုအချက်က မြို့ကြီးပြကြီးများ၏ ဦးတည် မျှော်မှန်းထားသည့် ဖွံ့ဖြိုးကြီးထွားမှုကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်စေပါသည်။ မြို့ပြဖြစ်ထွန်းမှုတွင် အားလုံးပါဝင်ရေး ရှုထောင့်သည် ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေး နိုင်ငံရေး အထီးကျန်ဖြစ်တည်မှု၊ ပဋိပက္ခဖြစ်ပွားမှု၊ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်မှု စသော ရှုပ်ထွေးလှသည့် သမိုင်းနောက်ခံရှိသည့် မြန်မာနိုင်ငံ အတွက် အထူးသဖြင့် အရေးကြီးပါသည်။

အားလုံးပါဝင်နိုင်သည့် မြို့ပြဖြစ်ထွန်းမှုသည် စီးပွားရေး၊ လူမှုရေးနှင့် နယ်ပယ်ရေးရာ ဟူသော အဓိက အကြောင်းခြင်းရာသုံးခု အပေါ်တွင် အမှီပြုထားသည်။ အားလုံးပါဝင်နိုင်သည့် စီးပွားရေး ဆိုသည်မှာ မြို့ကြီးများတွင် အလုပ်အကိုင်နှင့် ဝင်ငွေရသည့် လုပ်ငန်းဆောင်တာများကို တန်းတူမျှတစွာ ရရှိမှု၊ ရုတ်တရက် ပေါ်ပေါက်သော အပြောင်းအလဲများအား ကြံ့ကြံ့ခံ ကျော်ဖြတ်နိုင်စွမ်း ရှိမှုတို့ကို ရည်ညွှန်းသည်။ အားလုံးပါဝင်နိုင်သည့် မြို့ပြနေရာ ဆိုသည်မှာ မြေယာ၊ အိုးအိမ်၊ အခြေခံအဆောက်အအုံနှင့် အခြေခံ ပြည်သူ့ဝန်ဆောင်မှုများကို တန်းတူမျှတစွာနှင့် ရယူသုံးစွဲနိုင်စေရန် သင့်တင့်မျှတသည့် ဈေးနှုန်းအခြေအနေရှိမှု တို့ကို ရည်ညွှန်းသည်။ အားလုံးပါဝင်နိုင်သည့် လူမှုရေးဆိုသည်မှာ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း အုပ်စုအလိုက် အခွင့်အရေး ရရှိမှု၊ တန်းမှုမျှတမှု၊ လုံခြုံစိတ်ချစွာ နေထိုင်နိုင်မှု နှင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှုတို့ကို ရည်ညွှန်းပါသည်။ အဆိုပါ လူမှုရေးအရ အားလုံးပါဝင်မှုနှင့် ဖယ်ထုတ်ခံရမှုဆိုင်ရာ ရှုထောင့်ကိုအသုံးပြုခြင်းသည် နေ့စဉ် မြို့ပြလူနေမှုဘဝတွင် ဘေးဖယ်ခံထားရသည့် လူ့အုပ်စုများအတွက် ဆီလျော်မှုရှိသည်။

# အဓိကတွေ့ရှိချက်များ နှင့် စိန်ခေါ်မှု အခက်အခဲများ

မြန်မာနိုင်ငံ မြို့ပြဖြစ်ထွန်းမှုသည် တစ်ဖြည်းဖြည်း မြင့်တက်လျက်ရှိပြီး၊ ယခုအခါ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် မြို့ကြီးများတွင် နေထိုင်ကြသည်။ အများစုမှာ ပြည်တွင်း ရွှေ့ပြောင်းမှု ရေစီးကြောင်းနှင့်အတူ ပါဝင်လာကြခြင်းဖြစ်သည်။ ဥပမာ ရန်ကုန်တွင် ၂၀၀၉ နှင့် ၂၀၁၄ အတွင်း လူဦးရေ ကြီးထွားလာခြင်း အကြောင်းရင်းများ၏ ၈၁ ရာခိုင်နှုန်းသည် ပြည်တွင်း ရွှေ့ပြောင်းမှုနှင့် သက်ဆိုင်သည်။ ရွှေ့ပြောင်းသူအများစုသည် အလုပ်အကိုင်အတွက် မြို့ကြီးများသို့ ပြောင်းရွှေ့ကြသည်။ ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းစေသည့် အခြားသော တွန်းအားများတွင် စျေးကွက် အပြောင်းအလဲ ရုတ်တရက်ကြုံတွေ့ရမှု၊ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှု၊ မြေယာမပိုင်ဆိုင်နိုင်မှု နှင့် သဘာဝဘေးဒဏ် စသော အချက်များ ပါဝင်သည်။

မကြာသေးမီးနှစ်များအတွင်း ဖွံ့ဖြိုးမှု ကြီးထွားလာခြင်းက မြို့ပြဆင်းရဲမွဲတေမှုကို ၂၀၀၄-၂၀၀၅ တွင် ၃၂.၂ ရာခိုင်နှုန်းအထိ နှင့် ၂၀၁၅ တွင် ၁၄.၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်။ မြို့ကြီးများ၏ စီးပွားရေး ဖွံ့ဖြိုးမှုကို ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ချဲ့ထွင်ခြင်းက ဖြစ်ထွန်းစေသည်။ ရန်ကုန်သည် မြန်မာနိုင်ငံ၏ အရေးအပါဆုံး မြို့ကြီးဖြစ်ပြီး တစ်နိုင်ငံလုံး ဂျီဒီပီ ၏ ၂၅ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်။

မြို့ပြဖြစ်ထွန်းမှုသည် ဖွံ့ဖြိုးကြီးထွားမှု အကျိုးကျေးဇူးများကို ရရှိစေသော်လည်း မြို့ကြီးများအတွက် ဝန်ပိလာခြင်းနှင့်အတူ လူအများအတွက် နေစရာအိုးအိမ်၊ အခြေခံအဆောက်အအုံ နှင့် ဝန်ဆောင်မှုတို့ကို သင့်တင့်လျောက်ပတ်သည့် အနေအထားဖြင့် ရရှိရန် တတ်နိုင်မှုတို့တွင် လိုအပ်ချက်များရှိလာသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တွင် မြို့နေလူဦးရေ၏ ၃၃ ရာခိုင်နှုန်းသည်သာ ပိုက်ဖြင့်ရေပေးဝေရေးစနစ်ကို လက်ခံရရှိကြသည်။ ယာဉ်ကြောပိတ်ဆို့မှု မြင့်တက်လာသည်။ အညစ်အကြေးထုထည်များပြားလာခြင်းက ရေကြီးရေလျှံခြင်းနှင့် ညစ်ညမ်းမှုတို့ကို ဖြစ်စေသည်။ တည်ရှိဆဲ အိုးအိမ်နေရာများတွင်နေထိုင်ရန် မတတ်နိုင်ကြသည့် အသစ်ရောက်ရှိလာသူများ၏ ပုံမှန်မဟုတ်သော ကျူးကျော်နေထိုင်မှု အရေအတွက် တိုးပွားလာသည်။ အဆိုပါ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို မဖြေရှင်းပါက ပိုမို၍ လူဦးရေ သိပ်သည်းလာခြင်း၊ ကျူးကျော်နေထိုင်သူများပြားလာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း နှင့် လူအများအကြား မညီမျှမှုများ ကြီးထွားလာခြင်း စသည်တို့ကို ဖြစ်ပေါ်လာစေနိုင်ပြီး၊ အနာဂတ်ဖွံ့ဖြိုးမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ဆင်းရဲမွဲတေမှု လျှော့ချခြင်းတို့အတွက် အဟန့်အတားများ ဖြစ်လာစေနိုင်သည်။



## အားလုံးပါဝင်နိုင်သည့် စီးပွားရေး

မြို့ကြီးများ၏ အားလုံးပါဝင်နိုင်သည့် စီးပွားရေးသည် စိန်ခေါ်ချက်များစွာနှင့် ကြုံတွေ့ရပြီး အကြောင်းအရာများစွာတွင် ပါဝင်ရန် အခက်အခဲကြုံရသည်။ အထူးသဖြင့် အလုပ်သမား ဈေးကွက်တွင် ဖြစ်ပြီး အလုပ်အကိုင် မကျွမ်းကျင်ခြင်း၊ စနစ်မကျမှု အခြေအနေမြင့်မားခြင်း၊ အချို့လူမှုအုပ်စုများအပေါ် ခွဲခြားဆက်ဆံခြင်း စသည်တို့နှင့် ပတ်သက်နေသည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးဒဏ် အန္တရာယ်နှင့် စီးပွားရေးဆိုင်ရာ အပြောင်းအလဲ ရုတ်တရက် ကြုံတွေ့ရမှုတို့ မြင့်မားသည်။ ၎င်းကို မြို့ပြနေ ဆင်းရဲသားပြည်သူတို့ ပြင်းထန်စွာ ခံစားရလေ့ရှိသည်။ ရုတ်တရက် ပေါ်ပေါက်သော အပြောင်းအလဲအပေါ် ခံနိုင်ရည်ရှိမှု ကင်းမဲ့ခြင်းသည်လည်း စီးပွားရေးတွင် ပါဝင်မှုအပေါ် အကျိုးသက်ရောက်သည်။

## အားလုံးပါဝင်နိုင်သည့် မြို့ပြနေရာ

အားလုံးပါဝင်နိုင်သည့် မြို့ပြနေရာအတွက် မြေဈေးနှင့် အိမ်ဈေးကြီးမြင့်မှု (ဥပမာ - ရန်ကုန်တွင်) နှင့် မြို့ကြီးများတွင် အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှု အစစအရာရာ မရရှိနိုင်မှုတို့သည် စိန်ခေါ်မှုကို ဖြစ်ပေါ်စေသည်။ မြို့ပြသယ်ယူပို့ဆောင်ရေး၊ ရေရရှိရေး နှင့် သန့်ရှင်းရေး၊ အညစ်အကြေး စွန့်ပစ်မှုနှင့် ရေနုတ်မြောင်းစနစ် တို့အတွက် လိုအပ်ချက် များပြားသည်။ အထူးသဖြင့် ရန်ကုန်မြို့တွင် နေထိုင်စရာ အိုးအိမ်ကို သင့်တင့်လျောက်ပတ်သည့် အနေအထားဖြင့် ရရှိရန် မတတ်စွမ်းနိုင်မှုသည် လူများစွာတို့အား အလုပ်အကိုင်များစွာ တည်ရှိသည့် စီးပွားရေး အချက်အချာနေရာမှ ဝေးကွာသည့် ဆင်ခြေဖုံးနေရာများတွင် ကျူးကျော်နေထိုင်ခြင်းဖြင့် အဆုံးသတ်စေလေ့ ရှိသည်။ ကျူးကျော်နေထိုင်သူတို့သည် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမမီနိုင်ကြဘဲ အသေးစား ပုဂ္ဂလိကလုပ်ငန်းများထံ ဝယ်ယူရာတွင်ပင် အကန့်အသတ်သို့မဟုတ် မတတ်နိုင်မှုတို့ဖြင့် ကြုံတွေ့လျက်ရှိသည်။ ဤသည်တို့မှ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများနှင့် အိမ်တွင်း အသေးစား ဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်မှုတို့ အတွက် အနုတ်လက္ခဏာဆောင်သည့် ရလာဒ်များကို ဖြစ်ပေါ်လာစေပြီး၊ စီးပွားရေးတွင် မပါဝင်နိုင်မှုဆီသို့ ဦးတည်နိုင်စေသည်။

## အားလုံးပါဝင်နိုင်သည့် လူမှုရေး

အားလုံးပါဝင်နိုင်သည့်လူမှုရေးသည်လည်း လူနည်းစု လူအုပ်စုများအတွက် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ မြန်မာနိုင်ငံ မြို့ပြဒေသ အခြေအနေများအတွက် မြို့ပြနေ ဆင်းရဲသူဆင်းရဲသားများ၊ ရွှေ့ပြောင်းရောက်ရှိသူများ၊ တိုင်းရင်းသား လူမျိုးစုများ၊ ဘာသာရေးလူနည်းစုများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများ စသည့် အုပ်စုဖြစ်သည်။ အဆိုပါ လူအုပ်စုသည် အလုပ်၊ အိုးအိမ်နေရာ၊ အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုများမှ အကြောင်းကြောင်းကြောင့် ဖယ်ရှားခံရသည်ကို ရင်ဆိုင်ရလေ့ရှိသည်။ ဝင်ငွေနိမ့်ပါးသည့် လူအများ (အများစုမှာ ရွှေ့ပြောင်းရောက်ရှိသူများ ဖြစ်သည်) နေရာထိုင်ခင်း အလုပ်အကိုင် အာမခံချက် မရှိခြင်း၊ ဘေးကင်းလုံခြုံရေးအာမခံချက် မရှိခြင်းစသော စိန်ခေါ်မှုများကို ရင်ဆိုင်ရပြီး၊ ရာဇဝတ်မှု အန္တရာယ် အလွန်မြင့်မားသည်။ မြို့ပြလူနေမှုစရိတ် ကြီးမြင့်သည့်အတွက် မြို့ပြနေ ဆင်းရဲသူဆင်းရဲသားတို့သည် မကျန်းမမာဖြစ်ခြင်းနှင့် ကြိုတင်မမြင်နိုင်သော ဖြစ်ရပ်များကို ဖြေရှင်းနိုင်ရန် တရားဝင်မဟုတ်သော ငွေချေးလုပ်ငန်းများမှ ငွေချေးငှားကြရသည်။ ရန်ကုန်မြို့ရှိ ဆင်းရဲသော အိမ်ထောင်စုများကို စစ်တမ်း ကောက်ယူချက်အရ အိမ်ထောင်စုများ၏ ၈၆ ရာခိုင်နှုန်းသည် ထိုကဲ့သို့သော ချေးငွေများကို အတိုးနှုန်း ၂၀ ရာခိုင်နှုန်း အထက် ပေးပြီး ချေးယူကြရသည်ကို တွေ့ရသည်။ ကြွေးမြီတင်ရှိမှုနှုန်းထား မြင့်မားပြီး အကြွေးသံသရာ တည်မြဲလျက် ရှိနေပါသည်။



လေ့လာမှုများစွာတွင် အစီရင်ခံ ဖော်ပြချက်များအရ အမျိုးသမီးများသည် လူ့အဖွဲ့အစည်းအတွင်းတွင် ဘေးကင်းလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရပြီး၊ မသန်စွမ်းသူများသည် အခြေခံ ဝန်ဆောင်မှု ရရှိခြင်းမှ မကြာခဏ ဖယ်ရှားခံရသည်။ လူမျိုးစုနှင့် ဘာသာရေးလူနည်းစုများသည် လူမှုရေးတွင် ပါဝင်ရေးအတွက် အရေးကြီးသည့် မှတ်ပုံတင်ကတ်ပြားရရှိမှု ကဲ့သို့သော ဖြစ်စဉ်များတွင် အခက်အခဲကြုံရသည့် စိန်ခေါ်မှုကို ရင်ဆိုင်ကြရပါသည်။

လက်ရှိတွင် မြို့ပြဆိုင်ရာ အစိုးရအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖွဲ့စည်းပုံသည် ဒေသန္တရအစိုးရများ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင် အပြောင်းအလဲ ဖြစ်ပေါ်စေရန်နှင့် မြို့ပြနေထိုင်သူများအတွက် အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးရန် ပေါ်ပေါက်လာသည်။ သို့ရာတွင် လက်တွေ့ဆောင်ရွက်ရာ၌ မူဝါဒ/မူဘောင် အကောင်အထည်ဖော်ရာတွင် အကန့်အသတ်ရှိခြင်း၊ ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ရာတွင် လိုအပ်သော ငွေကြေးအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာ စွမ်းရည် မလုံလောက်ခြင်းတို့ကြောင့် အခက်အခဲကြုံရသည်။ ဤစိန်ခေါ်ချက်များက မြေပြင်လိုအပ်ချက်များအတွက် ဘဏ္ဍာရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ မပြည့်မီနိုင်မှုကို ဖြစ်ပေါ်စေပါသည်။





၃၀%

မြန်မာနိုင်ငံ မြို့ကြီးများတွင် နေထိုင်ကြသည့် နိုင်ငံလူဦးရေ ရာခိုင်နှုန်း

